WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီရေး

# အမေရိကန်ဒေါ်လာ ၅၅ သန်း အသုံးပြု ဆောင်ရွက်

**ဝါရှင်တန်ဒီစီ ၊ ဧပြီလ ၂ ရက်၊ ၂၀၁၄** - မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲရေး လုပ်ငန်းများ ခေတ်မီတိုးတက်စေရေး အကူအညီပေးနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့က **အပြည်ပြည်ဆိုင်ရာ** ဖွံ့ဖြိုးရေး အဖွဲ့ (IDA) ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ထုတ်ချေးပေးရန် ယနေ့ ဆုံးဖြတ်လိုက်သည်။ ထိုစီမံကိန်းအတွက် ဩစတြေးလျ အစိုးရက ဒေါ်လာ ၈.၅ သန်းနှင့် ဗြိတိသျှအစိုးရ (UKAID) က ဒေါ်လာ ၁၆.၅ သန်းကလည်း အလှူရှင်အစိုးရများ ယုံကြည် အပ်နှံရန်ပုံငွေအဖြစ် ငွေကြေးပူးပေါင်း ပါဝင် ပံ့ပိုးပေးထားသည့်အတွက် စုစုပေါင်း ဒေါ်လာ ၅၅ သန်း အသုံးပြု ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခု စီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု တိုးတက် ခေတ်မီလာစေရန် ကူညီခြင်းဖြင့် ပြည်သူများအတွက် တာဝန်ခံမှုရှိသည့် အကျိုးရှိသော ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော် အစိုးရ အနေနှင့် လျင်မြန်စွာ တုံ့ပြန် ဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ထားသည်။ ယခုစီမံကိန်းသည် အခွန် ကောက်ခံခြင်းမှ လည်းကောင်း၊ အခြား ရင်းမြစ်များမှ လည်းကောင်း ရရှိသည့် ဘဏ္ဍာငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲသွားနိုင်ရန် ကူညီသွားမည်ဖြစ်သည်။ နိုင်ငံတော် ဘဏ္ဍာငွေ တိုးလာပါက ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ကို တိုးချဲ့ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် သာယာဝပြောမှုများကို မြှင့်တင် မျှဝေနိုင်ရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခု စီမံကိန်းသည် မဟာဗျူဟာများ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ခွဲဝေချထားခြင်းကို မဟာဗျူဟာ ကျကျ ဆောင်ရွက်သွားမည့် နည်းလမ်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မှုရှိစေရန် ကူညီသွားမည်။ အရေးအကြီးဆုံးဖြစ်သည့် ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ကာ ဘဏ္ဍာငွေနှင့် အခြား အရင်းအမြစ်များကို အသုံးပြုသွားဖြစ်ပြီး ဘတ်ဂျက်များ ခွဲဝေချထားရာတွင်လည်း ရည်မှန်းထားသည့်အတိုင်း ခွဲဝေချထားနိုင်ရန် ပိုမို ကောင်းမွန်သည့် စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ ပြည်သူ့ဘဏ္ဍာငွေနှင့် အရင်းအမြစ်များကို မည်သို့ အသုံးပြုသည်နှင့် စပ်လျဉ်းပြီး စာရင်းဇယားများ ထိန်းသိမ်းခြင်း၊ အစီရင်ခံခြင်း လုပ်ငန်းရပ်များ လည်း တိုးတက် ကောင်းမွန်လာမည်ဖြစ်ရာ ထိုအချက်က ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပိုမို ထိရောက်မှုရှိလာစေပြီး တာဝန်ခံမှုကိုလည်း ကောင်းမွန်လာစေမည်ဖြစ်သည်။

အကောက်ခွန်ဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်လာခြင်းကြောင့် အရေးကြီးသည့် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများ ပြည်သူဆိုင်ရာ အခြေခံ အဆောက်အဦများအတွက် ဘဏ္ဍာငွေများ ပိုမို ရရှိလာမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာငွေများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုရရှိခြင်း၊ စီမံခန့်ခွဲမှုပြုလုပ်နိုင်ခြင်းဖြင့် မူဝါဒများ ချမှတ် ဆောင်ရွက်ရာတွင်လည်းကောင်း၊ လေ့လာ ဆန်းစစ်မှုများကို လည်းကောင်း ဆောင်ရွက်ရာတွင် ပိုမို ထိရောက်မှု ရှိလာနိုင်မည့်အပြင် ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာကျကျနှင့် ပွင့်လင်းမြင်သာမှုရှိရှိ ပိုမို ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို ခေတ်မီအောင် ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို အဓိက ခံစားရမည့်သူများမှာ မြန်မာပြည်သူ အားလုံးပင်ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး စသည့် ပြည်သူ့ ဝန်ဆောင်မှုများကို အရေအတွက်အားဖြင့် လည်းကောင်း၊ အရည်အသွေးအားဖြင့် လည်းကောင်း ပိုမို တိုးတက် ရရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ခေတ်မီရေးကို အထောက်အကူပေးမည့် IDA ၏ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀ သည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ လျင်မြန်စွာ အရှိန်အဟုန်မြင့် ဆောင်ရွက် လျက်ရှိသည့် ဖွံ့ဖြိုးတိုတက်မှု အကူအညီပေးမှု လုပ်ငန်းများအနက် တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ ဥက္ကဋ္ဌ ဂျင်ယုံကင်မ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်က မြန်မာနိုင်ငံသို့ လာရောက်စဉ် မြန်မာနိုင်ငံ၏ နှစ်ရှည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်အုပ်စုက အမေရိကန်ဒေါ်လာ သန်း (၂)ထောင် အကူအညီပေးမည့် အစီအစဉ်ကို ကြေညာခဲ့သည်။ ထိုအစီအစဉ်တွင် စိုက်ပျိုးရေး ကဏ္ဍတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ တိုးတက်ရေးကို အကူအညီပေးသည့် စီမံကိန်းများနှင့် အခြား အရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဦးစားပေး လုပ်ငန်းများအား ထောက်ပံ့ပေးရေးတို့ ပါဝင်သည်။


**ဆက်သွယ်ရန် :**

**ရန်ကုန် :** KyawSoe Lynn,klynn@worldbank.org(95) 92 031 159

ဝါရှင်တန် : *Carl Hanlon, chanlon@worldbank.org, (202) 473-8087*


www.worldbank.org/myanmar
www.facebook.com/WorldBankMyanmar
www.twitter.com/WorldBankAsia